# ဗီဒီယိုဖုန်းခေါ်ခြင်းမှတစ်ဆင့် သင့်ရက်ချိန်းကို တက်ရောက်ခြင်း

**ထိုက်သင့်သလို သင်သည် သင့်ဆရာဝန်နှင့်ပြသခြင်းကို ဗီဒီယိုဖုန်းခေါ်ခြင်းမှတစ်ဆင့် အွန်လိုင်းဖြင့် ပြသဆွေးနွေးနိုင်ပါသည်။**

ဗီဒီယိုဖုန်းခေါ်ခြင်းသည် ဖုန်းခေါ်ဘိသကဲ့သို့ အဆင်ပြေပါသည်၊ မျက်နှာချင်းဆိုင်တွေ့၍ လုပ်ပေးပါသည်။

၎င်းသည် သင့် အချိန်နှင့် ငွေကြေးကို သက်သာစေနိုင်ပြီး သင်၏ စောင့်ရှောက်မှုကို အိမ်နှင့် ပိုမိုနီးကပ်စေပါသည်။



## ကျွန်ုပ်၏ ရက်ချိန်းကို တက်ရောက်ရန် ကျွန်ုပ် မည်သည့်နေရာသို့ သွားရမည်နည်း။

**သင့် ရက်ချိန်းကို တက်ရောက်ရန်အတွက် လုပ်ရန်မှာ–**

www.monashhealth.org/services/telehealth

သင့်ရက်ချိန်းသို့ သွားမည့်အစား သင် ဆေးခန်း၏ အွန်လိုင်း စောင့်ဆိုင်းနေရာကို သင် ကလစ်နှိပ်ပါ။
သင် ရောက်ချိန်၌ ကျန်းမာရေး ဝန်ဆောင်ဌာနကို အကြောင်းကြားလိုက်ပြီး သင့် ဆရာဝန်သည် အဆင်သင့်ဖြစ်သည့်အခါ သင်နှင့် စကားပြောပါမည်။
စာရင်းတစ်ခု ဖွင့်လှစ်ရန် မလိုပါ။
သင် ရေးသွင်းသည့် မည်သည့်အချက်အလက်ကိုမျှ သိုလှောင်မထားပါ။

## ဗီဒီယိုဖုန်းခေါ်ရန် ကျွန်ုပ် မည်သည့်အရာ လိုပါသလဲ။

- **အင်တာနက်လိုင်းနှင့် ကောင်းကောင်း အဆက်အသွယ်**
  အကယ်၍ သင် အွန်လိုင်းဖြင့် ဗီဒီယို ကြည့်နိုင်လျှင် (ဥပမာ–YouTube) သင် ဗီဒီယိုဖုန်းခေါ်နိုင်သည်။
- ဆရာဝန်နှင့်ဆွေးနွေးနေစဉ် **သင့်အား အနှောင့်အယှက် မဖြစ်သည့် သီးသန့်၊ အလင်းရောင် ကောင်းကောင်း နေရာတစ်ခု**
- **အောက်ပါတို့အနက် တစ်ခု–**
  - Google Chrome web browser (ဦးစားပေးသည်) သို့မဟုတ် Firefox web browser ကို ကွန်ပျူတာ သို့မဟုတ် လက်ဖ်တော့ (Windows သို့မဟုတ် MacOS)၊ သို့မဟုတ် Android တက်ပလက် သို့မဟုတ် စမတ်ဖုန်းဖြင့်
  - Safari web browser ကို Apple ကွန်ပျူတာ သို့မဟုတ် လက်ဖ်တော့ (MacOS)၊ သို့မဟုတ် အိုင်းပက် သို့မဟုတ် အိုင်းဖုန်းဖြင့်
- **ဝက်ဘ်–ကင်မရာ၊ စပီကာ နှင့် မိုက်ကရိုဖုန်း**
  (လက်ဖ်တော့ သို့မဟုတ် မိုဘိုင်းဖုန်းများတွင် အသင့်ရှိပြီး ဖြစ်ရမည်)

ဗီဒီယိုဖုန်းကို မည်သို့ခေါ်ရမည့် အပို အချက်အလက်များကို လိုက်လံကြည့်ပါ

## ၎င်းမှာ လုံခြုံစိတ်ချရပါသလား။

ဗီဒီယိုဖုန်းခေါ်မှုများမှာ လုံခြုံစိတ်ချရသည်– သင့် ကိုယ်ရေးအသေးစိတ်ကို ကာကွယ်ပေးထားသည်။ သင့်တွင် သင့်ကိုယ်ပိုင် သီးခြား ဗီဒီယိုအခန်းရှိပြီး ခွင့်ပြုခံရသည့် ဆရာဝန်များကသာ ဝင်နိုင်သည်။

## ဗီဒီယိုဖုန်းခေါ်မှုမှာ မည်မျှ ကုန်ကျမည်နည်း။

ဗီဒီယိုဖုန်းခေါ်မှုမှာ (သင့် အင်တာနက် သုံးစွဲမှုအတွက်မှလွဲ၍) အခမဲ့ဖြစ်ပါသည်။ သို့သော်လည်း ဆရာဝန်ပြသသည့် ပုံမှန်ကုန်ကျစရိတ်များ– အကယ်၍ ရှိလျှင်– ပေးရသေးမည်ဖြစ်သည်။

## ကျွန်ုပ် အင်တာနက် ဒါတာ (data) မည်မျှ သုံးရမည်နည်း။

သင်နှင့်စကားပြောရန် ဆရာဝန်ကို စောင့်ဆိုင်းနေစဉ် အတွင်း မည်သည့်ဒါတာမျှ သုံးစွဲမည် မဟုတ်ပါ။
ဗီဒီယိုဖြင့် ဆွေးနွေးခြင်းသည် YouTube ဗီဒီယိုကို အရောင်ပုံရိပ်ကောင်းကောင်း (High Definition)* ဖြင့် ကြည့်စဉ် သင် သုံးလိုက်မည့် ဒါတာ၏ ထက်ဝက်အောက် သုံးစွဲပါသည်။

သုံးသည့် ဒါတာသည် အရှိန်ပိုနည်းသည့် အင်တာနက် ဆက်သွယ်မှုများ သို့မဟုတ် အကယ်၍ သင် အင်အားပိုနည်းသည့် ကွန်ပျူတာ၊ တက်ပလက် သို့မဟုတ် စမတ်ဖုန်း သုံးနေလျှင် ပိုနည်းပါသည်။ ဤအကြောင်းခံများသည် ဗီဒီယိုဖုန်းခေါ်သည့် သာမန် အရည်အသွေးကိုလည်း လျော့နည်းစေနိုင်သည်။

ဒါတာသုံးစွဲမှုသည် စကားပြောစဉ် လူနှစ်ယောက်ထက် ပိုသည့်အခါ ပိုများပါသည်။

**စမတ်ဖုန်း နှင့် တက်ပလက် သုံးစွဲသူများ**
သင် လုပ်နိုင်လျှင် သင့် မိုဘိုင်းဒါတာ သုံးစွဲမှုကို မလုပ်ရန် အိမ် သို့မဟုတ် အလုပ် Wi–Fi နှင့်ဆက်လိုက်ပါ။

* *မိနစ် ၂၀ စကားပြောရန်အတွက် မိုဘိုင်းဖုန်းဖြင့် 230 MB ခန့် နှင့် ကွန်ပျူတာဖြင့် 450 MB ခန့် ဖြစ်သည်၊ ၎င်းမှာ Skype® သို့မဟုတ် Facetime® နှင့် အတူတူဖြစ်သည်။*

# ဗီဒီယိုဖုန်းခေါ်ရန် အဆင်သင့်လုပ်ပါ



သင် အောက်ပါ **web browsers** များအနက် တစ်ခုကို သုံးရန် သေချာစေပါ–

- Google Chrome Version 80+ (Windows, Android, MacOS)
- Apple Safari Version 12+ (MacOS, iOS)
- Firefox Version 75+ (Windows, Android)
- Microsoft Edge Version 80+ (Windows, MacOS)
  Microsoft Edge Version 44+ (Android)

**ကလစ်နှိပ်ရန်–** www.monashhealth.org/services/telehealth

**1**

ဆေးခန်း ဝက်ဘ်ဆိုက်ရှိ
အဝင်နေရာသို့သွားပြီး
Start Video Call ရုပ်ပုံကို ကလစ်နှိပ်ပါ




**2**

လုပ်ခိုင်းသည့်အခါ နာမည်နှင့်
ဖုန်းနံပါတ်ကို ရေးသွင်းပါ။




**3**

ဆေးခန်း၏ အွန်လိုင်း
**Waiting Area** ကို ဝင်ပါ




**4**

ဆရာဝန်ရောက်လာပြီး
ဆွေးနွေးမှုကို စတင်မည်



**! တစ်စုံတစ်ခု အလုပ်မဖြစ်လျှင် ကျွန်ုပ် ဘာလုပ်ရမည်နည်း။**

- ကြည့်ရန်ဝက်ဘ်ဆိုက်– **https://vcc.healthdirect.org.au/troubleshooting**

**ပိုမိုသော အချက်အလက်များ**

Telehealth Support Contact
Tel: +61 3 8572 3823
Email : telehealth@monashhealth.org

This translation was provided courtesy of All Graduates INTERPRETING & TRANSLATING

healthdirect Video Call